တလိုင်းနွယ်ကုန်း(အနောက်)ကျေးရွာ
မဟင်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်
ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ တလိုင်းနွယ်ကုန်း(အနောက်)ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ငူမြို့နယ်၏ အကူအညီဖြင့်
ရေးဆွဲပါသည်။)

ဇန်နဝါရီလ၊ ၂၀၂၀ခုနှစ်

## မာတိကာ


မာတိကာ
၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု
(င) ပညာရေး
(စ) ကျန်းမာရေး
(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ဇ) ကျား – မ ရေးရာ
၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ
နောက်ဆက်တွဲများ
နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား
နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

တလိုင်းနွယ်ကုန်း(အနောက်)ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် မဟာင်ကျေး ရွာအုပ်စု၏အနောက်ဘက် အစွန်ဆုံးကျေးရွာတစ်ရွာဖြစ်ပြီး ငါးဖယ်အင်း ကျေးရွာအုပ်စုနှင့် နယ်နိမိတ် ချင်း ဆက်စပ်လျှက်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ တောင်ငူမြို့၏အနောက်ဘက် (၅)မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးအဝေးပြေးကား လမ်းမကြီး၏ အရှေ့ဘက်ကပ်လျှပ်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကျေးရွာ၏ ပထဝီအနေအထားမှာ ရွာတောင်ဘက်ပိုင်တွင် အနည်းငယ်နိမ့်ပြီး မိုးတွင်းကာလ မိုး ရွာသွန်းမှုများပါက ရေဝပ်သည့်အပိုင်းဖြစ်ပြီး ရွာလယ်ငါးချဉ့်ချောင်းမှ လျှံတက်သည့်ရေကြောင့် ရွာလယ်လမ်းကြားနှင့် လူနေအိမ်များအကြားရေဝပ်သည့် အခြေအနေနှင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရ၍ သွားရေးလာရေးအလွန်ခက်ခဲပါသည်။ ရွာ၏ မြောက်ပိုင်းသည် တောင်ဘက်ပိုင်းထက် အနည်းငယ်မြင့်သည့်အတွက် မိုးရွာစဉ်ရေတင်၍ မိုးစဲပြီး မကြာခင် ရေများစီးဆင်းသွားသည့် အခြေအနေရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်နယုန်လမှစ၍ မိုးသေးမိုးဖွဲများရွာတက်ပြီး ဝါဆိုဝါခေါင်လလောက်ကျမှသာ မိုးကြီးမိုးများပြီး တော်သလင်းလလောက်တွင် မိုးပါးသွားတက်ပါသည်။ စပါးစိုက်တောင်သူ အနည်းငယ်သာရှိသည်။ ရေနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးမှုမရှိပါ။ နွေစပါးစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆည်မြောင်းများနှင့် အလှမ်းဝေးသဖြင့် နွေစပါးစိုက်ပျိုး၍ မရနိုင်သော ကျေးရွာဖြစ်ပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာသာရေး/ နာရေး(ရွာသာယာရေး) အသင်းအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ စာသင်ကျောင်းမိဘ/ ဆရာ အမှုဆောင်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဘုံဆွမ်းလောင်းအကျိုတော်ဆောင်အဖွဲ့နှင့်ကျေးရွာအုပ်ချုပ်ရေးကော်မတီအဖွဲ့သည် အစဉ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါသည်။ကျေးရွာတွင်ရွာဦးကျောင်းဖြစ်သောရေလည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပါသည်။ ရွာတွင် ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးကို မကြာမကြာစုပေါင်း၍ လုပ်အားပေးကုသိုလ်ယူကြသည်။ ဆရာတော်၏ မိန့်ကြားချက်များ အတိုင်း ပဌန်းရွက်ဖက်ပူဇော်ပွဲ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ဘုရားပွဲဆီမီးတစ် ထောင်ပန်းတစ်ထောင် ဆက်ကပ်လှူဒါန်းပွဲများကိုလည်း ရွာကျောင်းဂေါပကအဖွဲ့မှကြီးမှုး၍ နှစ်စဉ်ကျင်းပကြပါသည်။ သာမာန်အစဉ်အလာမပျက် လုပ်ဆောင်ကြသည့် လုပ်ငန်းဆောင်ရွက်မှုမျှသာဖြစ်ပြီးသည်ထက်ပို၍ တိုးတက်ဆာင်ရွက်မှုမျိုးဟုမဆိုနိုင်ပါ။ နှစ်ဦးဆွမ်းကပ် လှူဒါန်းခြင်း၊ သက်ကြီးပူဇော်ပွဲများကိုလည်း နှစ်စဉ်ပြုလုပ်ကုသိုလ်ယူကြပါသည်။

ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းရာတွင်း အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျေးရွာအသီးသီးမှ(၂)ဦး(၃)ဦးစီ ပါဝင်ဖွဲ့စည်းဆောင်ရွက်ကြပါသည်။ ကျေးရွာအုပ်စု ပရဟိတနာရေး ကူညီမှုအသင်းပိုင်အခမဲ့နိဗ္ဗာန်ယာဉ်တစ်စီးရှိပါသည်။ ရွာသားများမှ ကော်မတီဖွဲ့၍ ကုသိုလ်ယူဆောင်ရွက်လျှက်ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာတွင် ဝင်ငွေရရှိနိုင်သော စက်ရုံအလုပ်ရုံများမရှိသဖြင့် အဓိကအားထားရသော ဝင်ငွေရလုပ်ငန်းဟူ၍ ထူးထူးခြားခြားမရှိသောကြောင့် ရွာသူရွာသားများသည် သာမာန်အဆင့် စီးပွားရေးမျှဖြစ်သဖြင့် ချမ်းသာကြွယ်ဝသူ အလွန်နည်းပါးသည်။ များသောအားဖြင့် လက်လုပ်လက်စား(နေ့စား) ဝင်ငွေ ရအလုပ်များဖြစ်သော ပန်းရံ၊ လက်သမားနှင့် ပျံကျကျဘမ်းအလုပ်သမား အများစုရှိသောကြောင့် စီးပွား ရေးအခြေမခိုင်သည့် အခြေအနေများစွာနှင့် ရင်ဆိုင်အသက်မွေးကြရပါသည်။

ရွာမြောက်ဘက်နယ်နိမိတ်စပ် တောင်ငူလေတပ်စခန်းဌာနချုပ်၏ နံနက်ခင်းဈေးလေးတစ်ဈေးရှိသဖြင့် အချို့လည်း ဈေးရောင်းကြသည့် မိသားစုများလည်း အနည်းငယ်ရှိကြပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း အသေးစားလုပ်ငန်းများဖြစ်သော ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ငါးမွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးကြရသည့် မိသားစုများလည်း အနည်းငယ်ရှိကြပါသည်။ ၎င်းတို့မှာ အတတ်ပညာရှင်များ၏ အကူအညီမရသဖြင့် စနစ်တကျ မွေးမြူမှုမရှိသောကြောင့် မတိုးတက်မအောင် မြင်ဘဲ မကြီးပွားမဖြစ်ထွန်းသော စီးပွားရေးမျှသာဖြစ်ပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာ၏မြောက်ဘက်တွင် အခြေခံပညာ နှစ်ဆောင်မြိုင်အလယ်တန်းကျောင်းခွဲတစ်ကျောင်း ရှိပါသည်။ "စေတနာဆောင်"(၆၀'X ၃၀'X၁၂')၊ "ရတနာဆောင်"(၁၂၀'X ၃၀'X၁၂')နှင့် အဆောင်သစ် (၄၀'X ၃၀'X၁၂')ရှိ ကျောင်းဆောင်(၃)ဆောင်ရှိသည်။ လက်ရှိကျောင်းသားဦးရေမှာ ကျား(၁၄၉)ဦး၊ မ(၁၂၀)ဦး စုစုပေါင်း(၂၆၉)ဦး ပညာသင်ကြားနေကြပါသည်။ ကျောင်းသားဦးရေနှင့် ကျောင်းဆောင်များ လုံလောက်မှုရှိသော်လည်း တစ်တန်းနှင့်တစ်တန်း ခြားထားသော အတွင်းအကာများ လုံလောက်အောင် မရှိသည့်အပြင် မျက်နှာကျက်လုံးဝမရှိသောကြောင့် ပူးပြင်သောနွေကာလတွင် ကျောင်းသူကျောင်းသား များ ပူပြင်းသည့်ဒဏ်ကို ခံစားကြရင်း စာသင်ကြားနေရပါသည်။ ကျောင်းတွင် သောက်ရေအတွက် အဝီစိတွင်းရှိသော်လည်း ရေစင်မရှိသဖြင့် စနစ်တကျမသုံးစွဲနိုင်ဘဲ ပင်ပန်းစွာ ရေကိုခပ်ယူ၍ သုံးစွဲနေရပါသည်။ ၎င်းလယ်ခွဲကျောင်းသို့လာရာ ရွာလည်လမ်းမကြီးသည် မိုးရာသီ၌ ရေတင်ခြင်း၊ ချိုင့်ခွက်များရှိ ခြင်း၊ ရွှံ့ဗွက်များဖြစ်နေခြင်းတို့ကြောင့် ကျောင်းသားသူများ ကျောင်းသွားကျောင်းပြန် လမ်းဆိုးနှင့်သာ နှစ်စဉ်ကြုံတွေ့နေကြရပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ ကျေးရွာသုံးရွာစုပေါင်းပြီးဆောင်ရွက်သော မြစိမ်းရောင် ချေးငွေအစီအစဉ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ထောင်ပေးထား သည်။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။ တောင်သူ လယ်သမားများ သာမကဘဲ အခြားအသေးစား စီးပွားရေး လုပ်ငန်းများထူထောင်ရန် (ဥပမာ – တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှု များ လိုအပ်ပါသည်။

**(င) ပညာရေး**

ရွာစာသင်ကျောင်းမှ လူငယ်များသည် KGတန်းမှ အဋ္ဌမတန်းအထိ ပညာသင် ကြားကြပြီး ရွာကျောင်းမှ တစ်မိုင်ခန့်ဝေးသော နတ်စင်ကုန်း(အ.ထ.က)သို့ တက်ရောက်၍ အထက်တန်းပညာများကို ဆက်လက်သင်ယူကြပါသည်။ ကျေးရွာတွင် ဘွဲ့ရကျောင်းသူ ကျောင်းသား အနည်းငယ်ရှိသော်လည်း လုပ်ငန်းခွင်ဝင်ကြသူများရှိသလို ကြုံရာကျဘမ်း လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ ရွာတွင် မူလတန်း၊ အလယ်တန်းနှင့် အထက် တန်း ကျောင်းသားကျောင်းသူများလည်း ရှိကြပါသည်။ အသက်မွေးမှုပညာများဖြစ်သော ပန်းရံ၊ လက်သမားအမျိုးစုနှင့် အပ်ချုပ်စက်ချုပ်လုပ်ငန်း၊ ကုန်စုံဆိုင်၊ ကုန်ခြောက်ဆိုင် ငယ်လေးများ ရောင်းချခြင်းဖြင့်လည်း အသက်မွေးသူများလည်း ရှိကြပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာတွင် အိမ်ထောင်စု(၁၃၈)အိမ်ရှိပြီး လူဦးရေ(၁၁၀၉)ဦးရှိပါသည်။ ရွာသူရွာသား များ စည်းလုံးညီညွတ်စွာ ပူးပေါင်းနေထိုင်ကြပါသည်။ ကျေးလက်ဆေးပေးခန်း သီးခြား မရှိသော်လည်း ရွာ၏အရှေ့ဘက် (၁)မိုင်ခန့်ကွာဝေးသော ကွဲကူးရွာ ကျေးလက် ဆေးပေး ခန်းရှိသဖြင့် ကျန်းမာရေးကိစ္စရပ်များဖြစ်ပေါ်လျှင် ၎င်းဆေးပေးခန်းသို့ သွားရောက် ကုသကြ ရသည်။ ဆင်ခြေထောက်ရောဂါ ကြိုတင်ကာ ကွယ်ဆေး၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ အပိုဆောင်းထိုးနှံပေးခြင်း စသည့်တို့ကိုလည်း ကျေးရွာရှိ အမျိုးသားအမျိုးသမီးများက စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ကောင်းမွန်စွာ မီးဖွားပေးနိုင်သော ဆေးခန်းတစ်ခန်ဖြစ်ပါသည်။

ရေကောင်းရေသန့်တူးဖော်ရရှိနိုင်သောကြောင့် ရေကြောင့်ဖြစ်သော ဝမ်းပျက် ဝမ်းလျှော ရောဂါ၊ ကိုယ်ရေပြားကျန်းမာရေးချို့တဲ့မှုရောဂါဆိုးများမဖြစ်ကြပါ။ အဝီစိတွင်းကို မြေအောက် ပေ(၇၀)ကျော် မျှတူးလျှင် ရေကောင်းရေသန့်ရနိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကူးစက်ရောဂါ ဆိုးများလည်း တစ်ကြိမ် တစ်ခါမျှ မဖြစ်ခဲ့ဘူးပါ။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်းမြေသြဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ် မထည့်သွင်း

နိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့် မတ်ပဲ၊ ပဲဒီစိမ်းစိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်း အန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်း သေးကြောင်း တွေ့ရှိရ ပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီ မိုးရက်ဆက် ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများကြုံတွေ့ကြရသည်။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာသာရေးနာရေးအသင်းကို တစ်ရွာလုံးစိတ်ဝင်စားစွာဖြင့် ယခင်ကတည်းက မိရိုးဖလာ အစဉ်အလာအတိုင်း တည်ထောင်ဖွဲ့စည်းထားခဲ့သလို တဆင့်တဆင့် လက်ဆင့်ကမ်းတာဝန်ယူ၍ အသင်းရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းထားသဖြင့် အသင်းသူ/အသင်းသားများသည် သာရေး/နာရေးကိစ္စ ပေါ်ပေါက်လာလျှင် ကျားမမခွဲခြားဘဲ အမျိုးသားခေါင်းဆောင် အမျိုးသမီးခေါင်းဆောင်များမှ ကျရာတာဝန်ကို မခွဲခြားဘဲ ဒိုးတူဘောင်ဘက် ပူးပေါင်းကူညီဆောင်ရွက်ကြပါသည်။ ကျေးရွာလမ်းသန့်ရှင်းပြုပြင်ခြင်း၊ ဘုန်းတော်ကြီး ကျောင်းဝန်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားပွဲတရားပွဲနှင့် ဝါဆို သင်္ကန်းကပ်လှူပွဲများကိုလည်း ရွာဦးကျောင်းဆရာတော်၏ ဩဝါဒကိုခံယူကာ အမျိုးသားအမျိုးသမီး ပူးပေါင်း၍ နှစ်စဉ်မပျက် ဆောင်ရွက်ကြပါသည်။

ကလိုင်းခွယ်ကုန်းရွာ (အနောက်ခြမ်း) တည်ရှိနေရာပြမြေပုံ



မြေပုံရေးဆွဲသူ

ဦးလှမြင့်
ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ

ရက်စွဲ = ၃၀.၁၀.၂၀၁၄



# ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း

တောင်ငူမြို့နယ်၊ မပေါင်ကျေးရွာအုပ်စု၊ တောင်ပိုင်းမွှေးကျွန်းကျေးရွာ (အရှေ့ဘက်ခြမ်း)
ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ပါး | မရှိ | မရှိ | မရှိ | ရှိ | ရှိ | ရှိ |
| လက်လုပ်လက်စား မိသားစုများ ဝင်ငွေ ရရှိမှု (မရှိ/နည်း/များ) | များ | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| အသုံးစရိတ် | များ | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ချေးငွေ လိုအပ်မှု | | | | | | လို | လို | လို | လို | | | |
| ဝမ်းစာ ဖူလုံမှု | | | | | | | | | | | | |
| သောက်သုံးရေ ရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်အစာ ရရှိမှု | များ | များ | နည်း | နည်း | နည်း | အလွန်ခက် | များ | များ | များ | များ | များ | အလွန်ခက် |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | – | – | – | – | – | – | – | – | – | – | – | – |
| ကျန်းမာရေး အခြေအနေ | – | – | – | – | [illegible] | [illegible] | – | – | – | – | – | – |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | – | – | – | – | – | – | – | ရှိ | ရှိ | – | – | – |
| ပွဲတော် | – | – | – | – | – | – | – | – | [illegible] | – | – | – |
| သဘာဝ ဘေးအန္တရာယ် | မရှိ | – | – | – | – | – | – | – | – | – | – | – |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၀ | ၀ | ၀ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂ | ၃ | ၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄ | ၉ | ၁၃ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၁၄ | ၃၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၃ | ၂၁၇ | ၃၉၀ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၃၉ | ၅၈ |
| **စုစုပေါင်း** | | ၂၁၉ | ၂၈၂ | ၅၀၁ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၃၄ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာရှိ လူဦးရေစုစုပေါင်း၏ (၆၀%)ခန့်မှာ အလုပ်လုပ်ကိုင်နိုင်သော သူများဖြစ်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၈ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၆၇ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၃ | ၅၂ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၅၀ | ၇၅ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရွာတွင် တောင်သူလယ်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၁)စုသာရှိသည်။ ကိုယ်ပိုင်လုပ်ငန်းရှင်များ အနည်းငယ်ရှိပြီး ကျပန်းလုပ်ကိုင်သူ ဦးရေများပြားသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**
**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**
**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အခြေခံလူတန်းစားအများစုသည် နေ့စားလုပ်ကိုင်သူများဖြစ်ပြီး အလုပ်မရှိနားနေရသောရက်များလည်းရှိကြသဖြင့် ဝင်ငွေတစ်နေ့ (၁၀၀၀၀)နှင့် (၅၀၀၀) သာရရှိကြသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၆ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အိမ်ထောင်စု (၁)စုသာ လယ်မြေပိုင်ဆိုင်သည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - သဘာဝအရင်းအမြစ်များမရှိပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၅၈ | ၉၀ | ၂၃ |

**ရင်းမြစ်** ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စားဝတ်နေရေးမပြေလည်ကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျားမပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ကြပါသည်။

**(င)	ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။	။လေ့လာတွေ့ရှိချက် -

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အသက်(၈၅)နှစ်နှင့်အထက် (၇) ဦးသည် မြို့နယ်မှ လစဉ်ထောက်ပံ့မှုရရှိပြီး အသက်(၆၄)နှင့်အထက် ဘိုးဘွား(၂၀)ဦးခန့်မှာ မိသားစုစောင့်ရှောက်မှုရှိသော်လည်း စီးပွားရေးအဆင်မပြေပါ။ မသန်စွမ်း(၁)ဦးရှိပြီး ၎င်းကိုယ်တိုင် နေ့စားလုပ်ကိုင်နေရပြီး အလွန်ဆင်းရဲနွမ်းပါးပါသည်။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | | နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။
(ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း ၊မီးဘေးမရှိသလောက်နည်းပါးသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | | နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အမျိုးသမီးဦးဆောင်သောမိသားစုမှာ အလွန်ဆင်းရဲသောကြောင့် စားဝတ်နေရေးမပြေလည်သဖြင့် ကျန်းမာရေး၊ ပညာရေးများတွင် ထိခိုက်မှုများဖြစ်ပေါ်နေသောကြောင့် အကူအညီလိုအပ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၄ | ၀ | ၁၄ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁ ☐<br>၂ ☑<br>၃ ☐ | ၆ | ၀ | ၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | သာရေးနာရေး | ၁ ☐<br>၂ ☑<br>၃ ☐ | ၇ | ၅ | ၁၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | မိဘဆရာအသင်း | ၁ ☐<br>၂ ☑<br>၃ ☐ | ၄ | ၂ | ၆ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | ပရဟိတ နာရေးကူညီမှု အသင်း | ၁ ☐<br>၂ ☑<br>၃ ☐ | ၉ | ၂ | ၁၁ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | ဂေါပက | ၁ ☑<br>၂ ☐<br>၃ ☐ | ၇ | ၀ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၇ | ဓမ္မစကြာ | ၁ ☑<br>၂ ☐<br>၃ ☐ | ၀ | ၁၂ | ၁၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား
(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဓမ္မစကူး ပြန်လည်ပို့ချခြင်း တက်ရောက်ခြင်း အသင်းဝင်များလည်းရှိသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**
**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၆ | | ၁☐ ၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မရှိပါ။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၀ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၀ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | ၁၃၄ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် တောင်သူလယ်သမား (၁)ဦးသာရှိပြီး ရာသီဥတုဆိုးရွားမှုကြောင့် စိုက်ပျိုးရေးများ မအောင်မြင်မဖြစ်ထွန်းပဲ ဈေးကွက်မကောင်းသဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။ နွေစပါးစိုက်ပျိုးရန် ရေအရင်းအမြစ်မရှိခြင်း၊ ဆည်မြောင်းရေပေးဝေသည့် မြောင်းမကြီး/ မြောင်းလက်တံများနှင့် အလွန်ဝေးနေသဖြင့် အခက်အခဲရှိသည်။

(၂)  အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၃ | မြစ်ရေတင်စီမံကိန်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၆ | လက်ငင်ရေတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၈ | ချောင်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |

**ရင်းမြစ်** … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။   ။လေ့လာတွေ့ရှိချက် - ရေအရင်းအမြစ်အသုံးချမှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၃ | တင်း | ၃၀ | ၈၀ | ၅၅ | ဇွန် | ဩဂုတ် | မြင့် ☐ လတ် ☑ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| | | | | | | | | ☐ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - နည်းပညာမကျွမ်းကျင်ခြင်း၊ စိုက်ပျိုးစရိတ်သွင်းအားစုများ လုံလောက်စွာမဖြည့်တင်းနိုင်ခြင်း၊ ဈေးကွက်မကောင်းခြင်း၊ ရိတ်သိမ်းခများဈေးကြီးသဖြင့် အမြတ်အစွန်းနည်းပါးသည်။ (၂)သီးစား စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းမရှိသော မြေအမျိုးအစားဖြစ် ပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၀ | ၀ | ၀ | ၁ |
| လက်တွန်းထွန်စက် | ၀ | ၀ | ၀ | ၀ |
| အစေ့ချ ကိရိယာ | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းစက် | ၀ | ၀ | ၀ | ၁ |
| ခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရေစုပ်စက် | ၀ | ၀ | ၀ | ၀ |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဆင်းရဲနွမ်းပါးသူများဖြစ်သဖြင့် ငှားရမ်းလုပ်ကိုင်ကြရသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☑ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☐ မဖြေဆိုပါ ☑ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☑ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဓါတ်မြေသြဇာများ ဝယ်ယူရရှိနိုင်သော်လည်း နည်းပညာဝန်ဆောင်မှုမရရှိသဖြင့် စပါးအထွက်နှုန်းသာမာန်သာဖြစ်ပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီသြဇာမကောင်း ☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ☑ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရွာအနောက်ဘက်နှင့် အရှေ့ဘက်တို့တွင် ကားလမ်းမကြီးရှိသဖြင့် မိုးကြီးရေလျှံဖြစ်သည့်အခါ စပါးများမြုပ်သည့်အထိဖြစ်တက်ပါသည်။ ထို့ကြောင့် ဖျက်ပိုးနှင့် ရောဂါကျရောက်မှုအနည်းငယ်ရှိတက်ပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁ | ၇ |
| နို့စားနွား | ၀ | ၀ |
| ကျွဲ | ၂ | ၆ |
| မြင်း | ၀ | ၀ |
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၀ | ၀ |
| သိုး | ၀ | ၀ |
| ဝက် | ၁၈ | ၇၇ |
| ကြက် | ၆၂ | ၅၁၆၃ |
| ဘဲ | ၉ | ၆၇ |
| နွားနောက် | ၀ | ၀ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၆ | ၁၈၀၀၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | ၀ | ၀ |
| ရေချို ငါးဖမ်းလုပ်ငန်း | ၀ | ၀ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ငါးမွေးမြူရေးလုပ်ကိုင်သူနည်းပါးသည်။ အိမ်မွေးကြက်မျိုးများကို တစ်နိုင်တစ်ပိုင် အနည်းငယ်သာမွေးမြူကြသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်  အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါ်များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☑ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ☑ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☑ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☑ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑ |
